# ဝေသာလီပြည် ပျက်တဲ့နေ့

ပြဇာတ်

**ဇာတ်ဆရာ.. သူရိန်ထက်**

ပါဝင်သူများ.... ဝဿကာရ ပုဏ္ဏား

အဇာတသတ်မင်း

လိစ္ဆဝီမင်းများ

အခြား မှူးမတ်များ။

စစ်သည်တော်များ။

နန်းတွင်းသူ နန်းတွင်းသားများ၊ အပျိုတော်များ၊

ပဏာမ အဖွင့်

ပြည်ဖုံးကားလိပ်မဖွင့်မီ နောက်ခံတေးသွားကို မြန်မာ့ဆိုင်းဝိုင်းမှ တီးခတ်နေရာမှ အသံတဖြည်းဖြည်း လျော့ပြီး ဇာတ်ဆရာ၏ မိတ်ဆက်အဖွင့် စကား ထွက်ပေါ်လာစေ..

''ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံတော် မူကြပါစေခင်ဗျာ...။ ယခုတင်ဆက်မယ့် ပြဇာတ်ကြီးကတော့ ဂေါတမ ဘုရားရှင်လက်ထပ်တော် ကာလကို နောက်ခံထားလို့ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက်မှာ လိစ္ဆဝီမင်းများတို့ရဲ့ ဝေသာလီပြည်ကြီး ပျက်ဆီးတဲ့အကြောင်းကို တင်ဆက်မှာဖြစ်ပါတယ်။ မညီညွတ်ရင်ဖြင့် တိုင်းပြည်ပျက်ဆီးတတ်ကြောင်းကို မူလဇာတ်တော်ကြီးရဲ့ ကျောရိုးကိုသာ အခြေပြုပြီး ယနေ့ခေတ် စကားလုံးများနဲ့ တင်ဆက်မှာ ဖြစ်တဲ့အတွက် ဘာသာရေးရှုထောင့်အရ ဝိရောဓိဖြစ်စရာ၊ အပြစ်မြင်ဖွယ်ရာများရှိနိုင်ပါတယ်။ ကြွရောက်ရှုစား အားပေးတော်မူကြတဲ့ ညှော်ပရိသတ်များအတွက် တစုံတရာ စိတ်တိုင်းမကျစရာများ ရှိမယ်ဆိုရင်ဖြင့် မညီညွတ်ရင်.. တိုင်းပြည်ဆုတ်ယုတ်တတ်ပုံ၊ ဘယ်လိုအမှုတွေကို နိုင်ငံ့အရေးဆောင်ရွက်နေတဲ့၊ ဆောင်ရွက်မယ့်ပုဂ္ဂိုလ်များ သတိပြုသင့်တယ်ဆိုတဲ့ လိုရင်းအစစ်ကိုသာ အနှစ်လို့ သဘောပြု ပြီး အပြစ်မမြင် ချစ်ခင်တော်မူကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ လူကြီးမင်းတို့အတွက် တစုံတရာ အကျိုးပြုနိုင်မယ်လို့ ယုံကြည်မျှော်လင့် ရင်း 'ဝေသာလီပြည်ပျက်တဲ့နေ့' ဇာတ်တော်ကြီးကိုတင်ဆက်တော့မှာမို့ အားပါးတရ ရှုစားအားပေး တော်မူကြပါခင်ဗျား.........။

(တီးလုံးသံများ တဖြည်းဖြည်း ပြန်လည်ထွက်ပေါ်လာစေ)

## အခန်း(၁)

## ဝဿကာရပုဏ္ဏား တကိုယ်တည်း စကားပြောခန်း

အပြင်အဆင်။ ။ရှေး နန်းမြို့ရိုး၊ ပြအိုး ပစ္စင် နောက်ခံ ပန်းချီကားပုံ။

နေရာ။ ။ရာဇဂြိုဟ်ပြည် မြို့တွင်း တနေရာ

နောက်ခံ တီးလုံးများ တီးခတ်နေရင်းမှ ဇာတ်စင်၏ တောင်ဖက်မှ ဝဿကာရ ပုဏ္ဏား ထွက်လာစေ။ ထို့နောက် ပရိသတ်ဖက်သို့ မျက်နှာမူ ရင်းတကိုယ်တည်းပြောစေ..။

''ဘုန်းသမ္ဘာကြီးမြတ်၊ စစ်လက်နက်ငါးအင်၊ သင်းခြွေရံပင်းတွေနဲ့ မင်းအမတ် စုံညီ၊ လက်ရုံးရည် တထီထီနဲ့ နှလုံးရည် တည်ကြည်ကြည်နဲ့ ကံဇာတာ မြင့်မိုရ်၊ ပြူထိုထို ဟိုအတိတ်ကံရယ်ကြောင့်၊ ကျွန်းလက်ျာ ဒီပါလုံး ၊ ပိုင်စိုးမှု စည်ကားမှုန်းနိုင်တဲ့ပြင်၊ ဘုရားဒါယိကာအစစ်လည်းဖြစ် ခွင့်သာတဲ့၊ မင်း အဇာတသတ်ထံမှာ တရားခွင်မှာ အပိုင်းစိုးတဲ့ တရားမင်းသူကြီးချုပ်.. ငါ ဝဿကာရ ပုဏ္ဏားဖြစ်တော့သကိုး.......''

''အမလေး.. ကျုပ်က အဇာတသတ်မင်းရဲ့ တရားသူကြီးချုပ် ပေါင်ချိန်(အဲ..ဟုတ်ပေါင်) ဝဿကာရပုဏ္ဏားဖြစ်တယ်လို့ ပြောလိုက်ရင် ရှင်းနေတဲ့ ဟာကို ဘုရင့်ချီးမွမ်းခန်းတွေ ရွတ်ရတာက မောပါ့ဗျာ..။ သြော်.. မင်းထံခစားပြီး နေရာကောင်းကောင်းရဖို့ဆိုတာကလည်း

လာဘ်ထိုးတတ်ယုံ စစ်ထိုးတတ်ရုံတင်မကဘူး.. ဒီလိုလည်းမြှောက်တတ် ပင့်တတ်ဖို့ လိုသေးတာကိုးဗျ.. နော်..။

''ကျုပ်က အဇာတသတ်မင်းရဲ့ တရားစီရင်တဲ့ အမတ်ချုပ်ပေါ့ဗျာ..။ ဟဲ.. ပုဏ္ဏားဆိုတော့ ဝတ်ဖြူစင်ကြယ်နဲ့ ဘာနဲ့ဆိုတော့ ဘိုးတော်မှတ်ပြီး ချဲနံပါတ်တောင်းမှာလည်းစိုးရ၊ ဂမ္ဘီရခေတ်ကြီးမှာ ဘိုးတော်ဆိုပြီးမှားကိုးကွယ်မှာလည်း စိုးရ၊ ပုဏ္ဏားထွက်လာပြီဆို ဘုရင့်သားမြေးတွေ သေဒဏ်ပေးအာဏာသိမ်းဖို့ကြံတယ်လို့ပြော..(အဲလေ..)ဒါမျိုး ထင်ပြီး ပရိသတ် လှမ်းဆဲမှာ၊ ပြောင်းဖူးရိုးနဲ့ လှမ်းပေါက်မှာလည်း ကြောက်ရသေး တာမို့ အရင် မိတ်ဆက်ရတာဗျို့..။ (ပြောထားရဦးမယ်။ ဒီဇာတ်မှာ ကျုပ်က အဓိက ဇာတ်လိုက်မင်းသားဗျ..။ဟဲ.. ဗီလိန်တွေ ကောင်းစားနေတဲ့ ခေတ်ကိုးဗျ နော်။)

အင်း.. စကားကြောရှည်နေတာနဲ့ လမ်းတွေလွဲကုန်ပြီ။ ကျုပ်.. အခု ဘုရားရှင်ကို ဖူးမျှော်ပြီးပြန်လာတာဗျို့။ ဘုရားရှင်ထံ ဘုရင့်အမိန့်တော်နဲ့ ကျုပ်က ဖူးမျှော်လျှောက်ထားပြီး ပြန်လာတာ..။

ရှင်းအောင် ပြောရရင် အဖြစ်က ဒီလိုဗျို့..။ ကျုပ်တို့ရာဇဂြိုဟ်ပြည်နဲ့ ဟိုဖက်က ဝေသာလီပြည်ကြားမှာ ဂင်္ဂါမြစ်ကြီးခြားထားတယ်။ ဟိုဖက်တယူဇာခွဲက ဟိုဖက်တိုင်းပြည်က အခွန်ကောက်တယ်။ ဒီဖက်တယူဇနာခွဲကို ကျုပ်တို့ ရဇဂြိုဟ်က ပိုင်တယ်။ အခွန်ကောက်တယ်။ သံရုံးတွေ ဖွင့်ပြီး အခွန်ကောက်ခိုင်းထားတယ်ပေါ့လေ။ (သံရုံးဆိုတာ အခွန်ကောက်ဖို့ သက်သက်ဖွင့်ထားကြတာမဟုတ်လား..ဟဲဟဲ) ကျုပ်တို့ရာဇဂြိုလ်ဖက်ကို လာတဲ့ ကုန်သည်တွေဆီက အခွန်တွေကို ဝေသာလီက ခပ်တည်တည်နဲ့ အခွန်ကောက်နေယူသွားတာ (၂)နှစ် တောင် ရှိနေပြီဗျာ..(ပြောရရင် အစိုးရဆိုတာ အခွန်တွေကောက်ပြီး စစ်လက်နက်ဝယ်၊ နိုင်ငံအုပ်ချုပ်နေကြတာမျိုးကိုးဗျ) ဒီအကြောင်းကို ကျုပ်တို့ ဘုရင် အဇာတသတ်သိတော့ ဒေါသဖြစ်တာပေါ့။ တိုက်မယ်ချမယ်ပေါ့။ စစ်မက်ပြုမယ်၊ စစ်ရေးပြုမယ်ပေါ့လေ။ ဒီလိုအကြံဖြစ်တယ်။ ဒါပေမယ့် ကျုပ်တို့ဘုရင်က နောက်ခေတ်မှာ ပေါ်လာမယ့် စစ်အစိုးရတွေလို တဆိတ်ရှိ စစ်မက်ပြုမယ်ချည်း မလုပ်ချင်ဘူး။ စစ်ရေးစစ်ရာဆိုတာ စစ်သူ ရဲကောင်းတွေလည်းရှိရမယ်။ စစ်ရေးကျွမ်းကျင်သူတွေလည်းရှိရမယ်။ အထူးသဖြင့်တော့ ပညာရှိတွေလည်း ရှိမှဖြစ်မယ်ဆိုတာ သိတာကိုး။ ဒီတော့ ဘုရားထက်တော်တဲ့ ပညာရှိမရှိတာမို့ ဘုရားနဲ့ တိုင်ပင်မယ်လို့ စိတ်ကူးတယ်။ စစ်မက်ပြုတာ အကျိုးပြုရင် ဘုရားက ဘာမှမပြောပဲ နေလိမ့်မယ်။ အကျိုးမရှိရင်တော့ အကျိုးမရှိတဲ့အကြောင်းပြောမှာပဲ ဆိုပြီး ကျုပ်ကို လွှတ်လိုက်တာဗျို့။ ဘုရားရှင်က ဂိဇ္ဈကုဋ်တောင်ထိပ်မှာ သီတင်းသုံးနေတယ်လေ။

ကျုပ်ကလည်း ဘုရားထံသွားပြီး သာကြောင်းမာကြောင်း၊ ဘုရင် အဇာတသတ်က ဦးခိုက်လိုက်ကြောင်းတွေ သွားလျှောက်တယ်ပေါ့ဗျာ..။ ပြီးတော့မှ.. 'အရှင်ဘုရား.. ဘုရားတကာ.. အဇာတသတ်မင်းဟာ ဘုန်းတန်ခိုးကြီးပြီး အတတ်ပညာပြည့်တဲ့ လိစ္ဆဝီ မင်းတွေကို စစ်ပြုတော့မယ်တဲ့ ဘုရား' လို့ သွားလျှောက်တာပေါ့။

ဒီတော့ ဘုရားရှင်က ကျုပ်ကို ဘာမှ ပြန်မမိန့်ပဲ အရှင် အာနန္ဒာကို လှမ်းမေးသဗျာ..။ နားထောင်နော်။ သိပ်အရေးကြီးပြီး ပညာပါ တဲ့ မေးခွန်းတွေ လှမ်းမေးတာ..။ ကျုပ်မှတ်မိသလို ပြန်ပြောပြမယ်..။

(၁)အဲဒီမင်းတွေ တိုင်ပင်စည်းဝေးတာတွေ မကြာခဏလုပ်ကြရဲ့လား။

(၂)လုပ်စရာရှိတဲ့ကိစ္စတွေ ညီညီညွတ်ညွတ် ပြုကြရဲ့လား။

(၃)ဟိုးယခင် မင်းတွေ ပညတ်ထားတာတွေကို ဖျက်တာတို့၊ အသစ်တိုးတာတို့ မလုပ်ပဲ နေကြရဲ့လား။

(၄)ပညာရှိ သိက္ခာရှိတွေကို အရိုအသေပြုပြီး စကားမိန့်မှာချက်တွေကို လိုက်နာကြရဲ့လား။

(၅)သူများသားသမီးတွေကို စော်ကားသိမ်းပိုက်တာတွေကို ဘုရင်တွေရော စစ်သားတွေရော မပြုလုပ်ပဲ နေကြရဲ့လား။

(၆) မြို့ကိုစောင့်ရှောက်သူတွေ နတ်ကောင်းနတ်မြတ်တွေရဲ့ စေတီနေရာတွေကိုရော လုပ်ကျွေးချီးမြှောက်ရဲလား။

(၇)ဒီမင်းတွေဟာ သူတို့မှလာတဲ့ ပညာရှိတွေကို သူတော်ကောင်းတွေ ရှိသေထိုက်သူတွေကိုရော လာအောင်လုပ်ရဲ့လား၊ ရှိနေတဲ့သူတွေကိုရော တိုင်းတပါးမထွက်ကုန်အောင် ကူညီစောင့်ရှောက် ချီးမြှောက်ရဲ့လား... လို့ အချက်(၇)ချက် လှမ်းမေးတယ်ဗျို့..။

အာနန္ဒာကိုယ်တော်ကြီးကလည်း ဒီအချက်(၇)ချက်နဲ့ ပြည့်စုံညီညွတ်အောင် နေကြတယ်လို့ ကြားတဲ့အကြောင်း ပြန်လျှောက်တာပေါ့။

ဒီတော့ ဘုရားရှင်က.. ချစ်သားအာနန္ဒာရေ.. ဒီ(၇)ချက်နဲ့ ပြည့်စုံနေသမျှတော့ ပျက်စီးမှာမဟုတ်တဲ့အပြင် ကြီးပွားစည်ပင်လိမ့်မကွဲ့'' လို့ မိန့်တော်မူတယ်။ ဒီတော့ ကျုပ်ကလည်း.. 'မှန်ပါဘုရား..။ ဒီလိုအချက်တွေထဲက တချက်လောက် ညီရင်တောင် ကြီးပွားနိုင်သေးတာ။ အ ချက်(၇)ချက်လုံးနဲ့ ညီနေမှတော့ သူတို့အချင်းချင်း မညီညွတ်အောင် လုပ်တဲ့နည်းကလွဲရင် ကျန်တာတော့ ပျက်ဖို့လွယ်မယ်မထင်ဘူး ဘုရား'' လို့ လျှောက်တာပေါ့။

ဘုရားရှင်က 'ငါဘာမှ မမိန့်လို့ သွားတိုက်ခိုက်ရင် အဇာတသက်ဟာ ဝဇ္ဇီမင်းတွေကိုဖမ်းပြီး နှိပ်စက်လိမ့်မယ်။ သူတို့ညီညွတ်တာကို

ဖျက်ဆီးပြီးမှ တိုက်မယ်ဆိုရင် သုံးနှစ်တော့ ကြာလိမ့်မယ်၊ ဒီအတွင်း ကုသိုလ်ကောင်းမှု လုပ်ကြရင် အကျိုးများကြမှာပဲ'' လို့တွေးပြီး ဒီလိုမိန့်လိုက်တာဖြစ်မယ်လို့ တွက်မိတယ်။ဆိုတော့ ဘာပဲဖြစ်ဖြစ် ကျုပ်က ဘယ်လိုနိုင်အောင် တိုက်ရမယ်ဆိုတဲ့နည်းကို ရခဲ့တာပေါ့ဗျာ။ ကဲ.. ကျုပ်ပြောနေတာနဲ့ စကားရှည် ရှော့မယ်။

''ကိုင်း.......... အနောက် ဂေါ်ယာကျွန်းကို သူရိယမယွန်းခင် အဇာတသတ်ငဲ့အရှင် ရွှေနားကို လျှောက်ထားဖို့ အချိန်သင့်ပေပြီ.. နားနစ်စုံ ကြားရုံ လျှို့ဝှက်စွာ တိုင်ပင်ရမှာမို့ ရှာစားရေ.. ဆိုင်းဝံ့လိုပို့.........''

(ဆိုင်းဝိုင်းမှ တီးလုံးမြင့်၊ ပုဏ္ဏားဝင်။ ကားလိပ်ချ)

အခန်းပြောင်း

## အခန်း(၂)

## အဇာတသတ်ဘုရင်နှင့် ဝဿကာရ ပုဏ္ဏား စကားပြောဆို တိုင်ပင်ခန်း

အပြင်အဆင်။ ။ဘုရင့် အဇာတသတ်မှ သလွန်ညောင်စောင်းတွင် စံစားနေစေ..။ အပျိုတော် အချို့မှာ ကွမ်းတော်၊ ရေတော်၊ ယပ်တော်များ ဆက်သနေစေ။ ညာဖက် ဇာတ်စင်ထိပ်နားတွင် လှံကိုင်မောက်ဆောင်း စစ်သည်နှစ်ဦး ရပ်၍တာဝန်ထမ်းနေစေ။ နောက်ခံအား နန်းတော် တွင်း အဆောင်အယောင်များ ရေးဆွဲထားရမည်။

ကားလိပ်မဖွင့်မီ ကချေသည် (၃)ဦးခန့် ကပြနေရင်း နောက်ခံအဖြစ် (သိကြားသာသနာ) တေးသီချင်းမှ တေးသံအဆုံးပိုဒ်ကို ဖွင့်ထားရင်း ကားလိပ်ပွင့်လာစေ..။

ကားလိပ်ဖွင့်။ ကားလိပ်အပွင့်တွင် ကချေသည်များ သီချင်း အဆုံးနှင့် တပြိုင်တည်းဖြစ်စေ..။

အဇာတသတ်ဘုရင်။ ။အိမ်း.. မောင်းမလေးများ တယ် အကကောင်းကြသကိုးဗျနော်..။

မောင်းမတော်များ၊ ။မှန်ပါ.. ဘုရား..။

အဇာတသက်မင်။ ။အေး.. လှကြပေသကွဲ့နော်..။ တိုက်ခန်းတခန်းစီ ချီးမြှင့်လိုက်မယ်ကွယ့်..။ ကြပ်ပြေးမြို့တော်သစ်မှာ..ငါ့အတွက် ခွဲတမ်းလာပေးထားတဲ့ အခန်းတွေရှိတယ်။အားတဲ့အခါ တိတ်တိတ်ကလေး လာခဲ့မယ်နော်..။

ကချေသည် မောင်းများ။ ။ကျေးဇူးတင် ဝမ်းမြောက်လှကြောင်းပါဘုရား။

ထိုစဉ် နန်းတွင်းသားတဦးဝင်လာပြီး ဘုရင့်အား ဦးခိုက်လျှောက်စေ

နန်းတွင်းသား။ ။ဝဿကာရ တရားရေးဝန်ကြီး အခစားဝင်လိုကြောင်းပါတဲ့ဘုရား..။

အဇာတသတ်။ ။လေသံနိမ့်၍ပြော..(ဒီမှ နမတော်လေးတွေနဲ့ ပြိမ့်နေတာ တယ်ခက်တဲ့ကောင်တွေပဲ..)
အိမ်း.. ရှေ့တော်မှောက် ဝင်စေဗျာ..

နန်းတွင်းသား။ ။ရှေ့တော်ကို မှောက်ပြီးဝင်စေတဲ့ဗျာ..။ (အဲလေ) ရှေ့တော်မှောက် ဝင်စေပါတဲ့ အမတ်မင်းဗျား..။

ဝဿကာရ ပုဏ္ဏားလက်အုပ်ကလေးချီ ဝင်လာပြီး ရှေ့တော်မှောက် ခစားစေ။

ဝဿကာရပုဏ္ဏား။ ။မှန်လှပါ အခစားရောက်ကြောင်းပါဘုရား။

အဇာတသတ်။ ။လျှောက်တင်ရန် အကြောင်းထူးရှိသလားကွဲ..။

ဝဿကာရ။ ။မှန်ပါ..နားနှစ်စုံ ကြားရုံ တင်လျှောက်လိုကြောင်းပါဘုရား..။

အဇာတသတ်။ ။အေး....အေး.. ကဲ.. ချစ်နမလေးတို့ရေ.. ခေါ်လိုက်မှလာခဲ့ကွဲ့..။

မောင်းမမိတ်သံများ။ ။မှန်ပါဘုရား..။ (ထွက်ခွာသွားစေ)

အဇာတသတ်။ ။အို.. ဆရာ ပုဏ္ဏား.. ဘုရားရှင် ဘယ်လိုမိန့်လိုက်သတုန်းဗျာ...

ဝဿကာရ။ ။မှန်ပါမြတ်သောမင်းကြီး။ (မင်းတွေတိုင်းကတော့ မြတ်ကြတာပါပဲ။ အမြတ်များတာနဲ့နည်းတာပဲကွာတာပါ) ဘုရားရှင်ကဝဇ္ဇီမင်းတွေဟာ အပရိဟာနိယဓမ္မဆိုတဲ့ အချက်(၇)ချက်နဲ့ ပြည့်စုံ နှိမ့်ချဖျက်ဆီးဖို့ရာ တပါးသူတွေ
မစွမ်းနိုင်ပါတဲ့ဘုရား။ စင်စစ်သော်ကား ဖျားယောင်းလှည့်ပတ်ပြီး ညီညွတ်ခြင်းကို ဖျက်ဆီးမှသာပျက်နိုင်ကြောင်း
ကို အရိပ်မျှသာမိန့်ကြားတော်မူပါတယ်..ဘုရား။

အဇာတသတ်။ ။ဒါဖြင့် ဘယ့်နှယ့်ကြံမတုန်း တရားရေးဝန်ကြီးရဲ့။

ဝဿကာရ။ ။မှန်ပါ ဒီအတွက်တော့ မပူနဲ့ဘုရား..။ ဟောဒီလို ကြံမယ်ဘုရား..။ ဟောဒီလို....။

ဝဿကာရ ပုဏ္ဏား ဘုရားနားတိုးကပ်၍ တီးတိုးပြောဟန် သရုပ်ဆောင်စေ။နောက်ခံတီးလုံးဆိုင်း တဖြည်းဖြည်းကျယ်လာစေ။ ကားလိပ်ကျစေ။

**အခန်း(၃)**

**နန်းတော်ညီလာခံ အဇာတသတ်နှင့် ပုဏ္ဏား စကားများခန်း**

ဘုရင်နန်းတော်အသွင်အပြင်နှင့် ပလင် (အယ်ဒီတာ.. ပဆင့် လ ဖြည့်ပေးပါခင်ဗျာ)ထံတွင် ဘုရင် စံစားနေသည့် ညီလာခံတော် ဖြစ်ရမည်။ ပလင်( ပဆင့် လ ဖြည့်ပေးပါ)အနီးတွင် မိဖုရားခေါင်မှ သလွန်ငယ်တွင် ထိုင်နေစေရမည်။ မှူးကြီးမတ်ရာသေနာပတိများ၊ စစ်သူကြီးများ၊ ထီးတော်မိုး မှအစစုံညီစွာ ရှိနေရမည်။နောက်ခံကို ဆိုင်းအဖွဲ့မှ တီးခတ်ပေးနေရမည်။

ကားလိပ်ဖွင့်။

အဇာတသတ်။ ။မင်းကြီးများ..

အားလုံး။ ။ဘုရား..။

အဇာတသတ်။ ။ညီလာခံကြီးကျင်းပလာတာလည်း နှစ် ၂၀ လောက်ရှိတော့မယ်။ ဘာမှလည်း အကောင်အထည် မပေါ်သေးပါလား မင်းကြီးများရဲ့၊ ကောင်းပါပေတယ်။ကောင်းပါပေတယ်။ ဒါမှ တို့ အချိန်ကြာကြာ အုပ်ချုပ်နိုင်မှာကိုးကွနော်..။

အေး.. တိုင်းရေးပြည်ရွာတွင်း အဆင့်ဆင့် အဆင်ပြေ ဝတ်မွတ်မှု (အဲလေ) ချောမွတ်မှုရှိကြရဲ့လားဗျာ..။

အမတ်များ။ ။မှန်ပါ.. ဘုန်းတော်ကြောင့်.. အားလုံး ငြိမ်ဝပ် ရုံမက ပိပြားကုန်ကြပါပြီဘုရား။ အေးချမ်းသာယာလိုက်တာ လည်း အားလုံး ဆင်းရဲ မွဲတွေပြီး စားဖို့တောင် အနိုင်နိုင်လုပ်နေကြရတော့ ဝတ်စရာမရှိလို့ အေးလည်းအေး ချမ်းလည်းချမ်းကြပါတယ်ဘုရား။ ရောဂါဘယ ထူပြောကြတော့ မသာတွေချစရာ နေရာတောင် မရှိတော့ လောက် အောင်ပါပဲဘုရား။ နာရေးကူညီမှုအသင်းလည်း တော်တော်အလုပ်များနေရှာတယ်ဘုရား။

အဇာတသတ်။ ။အေး.. ကောင်းတယ်ဗျား။ ငါကိုယ်တော်မြတ် အားရတော်မူတယ်ဗျား..။ဒါနဲ့ ဂင်္ဂါမြစ်ဝှမ်းက ကူးသန်းရောင်းဝယ် တဲ့ ကုန်သည်များဆီက အခွန်အတုပ်များ အောက်လက်ငယ်သားတွေဆီက လိစ္ဆဝီမင်းတွေ သိမ်းယူနေတာ (၂)နှစ်တောင်ရှိပြီဆိုတဲ့အပေါ် မင်းကြီးများ ဘယ်လို သုံးသပ်သလဲဗျ..။ (ဒေါသသံဖြင့်ပြော..)ငါကိုယ်တော်မြတ် လုံးဝမကျေနပ်ဘူးဟေ့။ ငါလိုရှင်ဘုရင်ကို ဒါသက်သက်ကျူးကျော်စော်ကားတာ။ ရန်စတာ။ ငါဘုရင်ရဲ့ အာဏာ စက်ကို မထီလေးစားပြုတာ..။ ဒင်းတို့ကို မကျေနပ်ဘူးဟေ့..။

အမတ်များ။ ။မှန်လှပါ.. ဘုန်းတော်ကြောင့်..။ သီးမခံသင့်ကြောင်းပါဘုရား။

ဝဿကာရ ပုဏ္ဏား။ ။မှန်လှပါ။ ကျွန်တော်မျိုးကတော့ ဒီလိုမထင်ပါဘုရား။ သူတို့မင်းတွေဟာ ကုန်သွယ်လယ်လုပ် ဒီအလုပ်မျိုးနဲ့ အသက်မွေးကြတာမျိုး မဟုတ်ပါဘူးဘုရား။အခွန်ဘဏ္ဍာတွေမတရားကောက်တဲ့ သံရုံးတွေလည်း လာဖွင့်စား တာ မတွေ့ပါဘူးဘုရား။ ဝဇ္ဇီမင်းများဟာ ညီညွတ်ပြီး အမျိုးမြတ်တဲ့သူများမို့ ဒီလို သေးသိမ်တဲ့ အမှုမျိုးလုပ်မယ် မထင်ပါဘုရား..။

အဇာတသတ်။ ။သယ်... သည်ပုဏ္ဏားယုတ်..။ ငါ့စကားများ ဆန့်ကျင်ရတယ်လို့၊ ဟေ့.. ဆန့်ကျင်တဲ့စကားပြောတိုင်း စစ်ခုံရုံး တင်ပြီး ထောင်တွေ မတရားချပြီး အုပ်ချုပ်နေလို့ ၁၈ နှစ်ကျော်တည်မြဲနေတာကွ။ ဒီပုဏ္ဏားယုတ်တော့ စွဲထုတ် ခံချင်တယ်ထင်ပ့ါ...

ဝဿကာရ ပုဏ္ဏား။ ။မှန်ပါ။ သည်လို မတရားတဲ့ မင်းအစိုးရလက်အောက်မှာ နေရတာထက် ဟိုဖက်နိုင်ငံထွက်ပြီး ရဖြုဂျီ လျှောက်မယ် ဘုရား။ ဟိုး အနောက်နိုင်ငံမှာဆိုရင် နေဖို့ စားဖို့ မပူရတဲ့အပြင် ဂျပန်မှာဆို လူပျိုပါဆိုပြီး အိုဗာစတေးလေးတွေ တစ္စပ်စွပ် ယူလို့လည်း ရတယ်ဆိုပဲ ဘုရား။ ကျွန်တော်မျိုးလိုလူမပြောနဲ့ နိုင်ငံရေးဆိုရင် နကန်းတလုံးမှ မသိတဲ့သူတောင် ရ ဖြုဂျီလျှောက်ပြီး နေကြတာအပုံကြီးဘုရား။ သူတို့တွေကြောင့် တကယ်လုပ်နေတဲ့သူတွေ သိက္ခာကျရတဲ့ အ ကြောင်း ကျွန်တော်မျိုး အင်တာနက်ထဲမှာ ဖတ်ရတယ်ဘုရား။ ကျွန်တော်မျိုးလည်း မနေဘူး။ သွားမယ်ဘုရား။

ဝဿကာရ ပုဏ္ဏား နန်းတွင်းမှ ထွက်သွားစေ...။

အဇာတသတ်မင်း။ ။သယ်.. သည်ပုဏ္ဏား ဒင်းက ငါ့ချီးမြှောက်တာကိုများ စော်စော်ကားကားနဲ့..။ အမိန့်တော်မှတ်မယ်..။ မင်းကြီးများ

အမတ်များ။ ။ဘုရား.

အဇာတသတ်မင်း။ ။သည်ပုဏ္ဏားကို မနက်ဖြန် နေအရုဏ်မတတ်ခင် တိတ်တိတ်လေးဖမ်းပြီး ကတုံးရိတ်၊ ကြိုးတုပ်ပြီး နယ်နှင်

စေဗျား..။(အသံကိုနှိမ့်၍) မနက်စောစောလုပ်နော်..။ ပြည်သူလူထုသိရင် အုံကြွမှုတွေ ဆန္ဒပြမှုတွေဖြစ်ရင် ပြည်ပ

ရင်းနှီးမြှုပ်နှံတာတွေမလာတဲ့အပြင် ရသမျှ ထောက်ပံ့ကြေးလေးတွေ၊ ချေးထားတာတွေ မရပဲ နေဦးမယ်။

အမတ်များ။ ။အမိန့်တော်မြတ်အတိုင်းပါဘုရား..။

(ဆိုင်းဝိုင်းမှ တီးလုံးဖြင့် ကားလိပ်ချ။ အခန်းပြောင်း)

**အခန်း(၄)**

**ပုဏ္ဏား ဝေသာလီပြည်သို့ လက်ဆောင်ပို့ခန်း**

အပြင်အဆင် မလို။ ညခန်းအဖြစ် အလင်းရောင် ဆလိုက် ခပ်မှိန်မှိန်သာ ဇာတ်ကောင်များအပေါ် ထိုးပေးထားရမည်။ ကားလိပ်ဖွင့်လျှင်

ပုဏ္ဏား လက်ဆောင်ထုပ်တထုပ် ကိုင်ပြီး အရှေ့အနောက် လမ်းလျှောက်နေစေ။ (ကားလိပ်ဖွင့်)

ဝဿကာရ ပုဏ္ဏား။ ။ဟော့.. ငါ့ အလုပ်အကျွေး တပည့်တပန်းတွေ.. ဘယ်သူရှိသလဲကွ..(အချွေအရံ ၂ဦးထွက်လာစေ။)

အချွေအရံ၂ ဦး။ ။မှန်ပါ အမတ်မင်း.. ခစားလျက်ရှိကြောင်းပါ။

ဝဿကာရ ပုဏ္ဏား။ ။အေး.. မင်းတို့နှစ်ဦးကို ငါ အရေးတကြီး ခိုင်းစရာရှိတယ်။ ဘယ်သူမှ မသိစေနဲ့နော်။

အချွေအရံ ၂ ဦး။ ။ကောင်းလှပါပြီသခင်..။

ဝဿကာရ ပုဏ္ဏား။ ။ငါ့ကို မနက်ကျရင် မင်းအမိန့်ဗိုဆန်မှုနဲ့ လာဖမ်းလိမ့်မကွဲ့။ ဒီတော့ မင်းတို့က ဒီလက်ဆောင်ထုပ်ကိုယူပြီး

ဝေသာလီမင်းတွေဆီသွား။ ဒီစာချွန်လည်း ဆက်။ အမြန်ဆုံးပိရိအောင်လုပ်ပြီး ဒီညတွင်းချင်းထွက်။ ကြားလား။

ဒါက..မင်းတို့အတွက် ဆုတော်။

အချွေအရံ ၂ ဦး။ ။ကျေးဇူးကြီးလှပါတယ်.. ဘုရား.. (ထိုင်၍ဦးချစေ)

ဝဿကာရ ပုဏ္ဏား။ ။အေး..အေး.. သာဓု။ လမ်းခရီး ချောမွေ့ပါစေကွယ်..။ ကဲ.. ကဲ အခုပဲ သွားကြတော့..။

အချွေအရံ ၂ ဦး။ ။ကောင်းလှပါပြီ ဘုရား........။ (ထွက်သွားစေ)

ဝဿကာရ ပုဏ္ဏား။ ။(တကိုယ်တည်းပြော..)အိမ်း.. တိုင်းရေးပြည်ရွာ အကျိုးပေမို့.. မနက်ဖြန် အဖမ်းတော်မခံရခင်.. ဒီကနေ့ ကြည်

မွေ့စွာ စက်ရာခေါ်မှာမို့.. (ရှာစားရေ..) ရေကင်းနဲ့ပို့........၊

(ဆိုင်းမှ ရေကင်းတီးလုံးဖြင့် ကားလိပ်ချ။)

**အခန်း(၅)**

**ဝဿကာရ ပုဏ္ဏားအား ပြည်နှင်ခန်း**

အပြင်အဆင်။ ။ဂင်္ဂါမြစ်အနီး ကမ်းပါး၏ ရှုခင်းပုံဖြစ်ရမည်။

နောက်ခံ တီးလုံးသည် ပထမအခန်းအပြီးတွင် ရေကင်းသံတီးခတ်ခဲ့ရာမှ တဖြည်းဖြည်း တိုးညှင်းသက်သာစွာ ပြောင်းလဲ တီးခတ်နေရမည်။

ထိုမှကားလိပ်အဖွင့်တွင် ဘီလူးဆိုင်းသို့ ရုတ်တရက်ပြောင်းလဲ တီးခတ်စေ။ ဝဿကာရ ပုဏ္ဏားသည် ပုဏ္ဏားမှန်းသိသာစေရန် ပုဏ္ဏား

အဆောင် အယောင် ဝတ်ရုံသာ ရှိနေရမည်။ ဦးပြည်း(ကတုံး)ဖြင့် လက်ပြန်ကြိုးတုပ်ပြီး နန်းတွင်းသားသုံးဦးမှ ခပ်ကြမ်းကြမ်း

ဆွဲထုတ်လာရပြီး တွန်းထုတ် လိုက်ရမည်။ ပုဏ္ဏား ဇာတ်စင်လယ်တွင် မှောက်လျက် လဲသွားစေ။

မင်းချင်းတဦး။ ။နောင်ကြီးတို့.. နောင်ကြီးတို့..။

ကျန်မင်းချင်းနှစ်ဦး။ ။ဗျို့.. ဗျို့..

ပထမမင်းချင်း။ ။ဟိုရှေ့က မြစ်ဟာ ဂင်္ဂါမြစ်မဟုတ်လားဗျ..။

ကျန်မင်းချင်းနှစ်ဦး။ ။ဟုတ်ပါ့ဗျာ..။ ဒါ.. ကျုပ်တို့ရာဇဂြိုဟ်ရဲ့ နယ်စပ်ဒေသမဟုတ်လား...။

ပထမမင်းချင်း။ ။လာဗျာ ဒါဖြင့်ကြုံတုန်း ဒေါက်တာ စင်သီယာမောင်ရဲ့ မယ်တော်ဆေးခန်းသွားနှုတ်ဆက်လိုက်ကြရအောင်။

အခြားမင်းချင်းတဦး။ ။သွားမယ့်သွား ဘန်ကောက်ပက်ပုန်းဖက်သွားပြီး အစွကိုလေးကရင်း ယုန်သွားလိုက်.... ဟာ မလုပ်နဲ့ကိုယ့်လူရေ။

အခုတလော ဟိုဖက်နိုင်ငံနဲ့က သိပ်ပြေလည်တာမဟုတ်ဘူး။ တော်ကြာ တပ်ပြေးဆိုပြီး ဖမ်းပို့နေမှာ ကိစ္စတုံးနေပါဦးမယ်။

နောက်တဦး။ ။လုပ်မယ့်လုပ် ဘိန်းဖြူလေး ကယ်ရီလုပ်.. ဟာ.. မဟုတ်ပါဘူး..။ တို့တရားရေးစီရင်တဲ့ အမတ်ကြီးဟာ အခုတော့ သူကိုယ်တိုင် တရားခံဖြစ်နေရပါလားကွ..။

ကျန်တဦး။ ။ဒါတော့ကွာ ဘုရင့်ကို အာခံတာကိုးကွ..။ ခံရမှာပေါ့။ ဒီခေတ်ကြီးမှာ မင်းလိုလိုက်၊ မင်းကြိုက်ဆောင်တဲ့သူချည်း နေရာရတဲ့ ခေတ် မဟုတ်လားကွ။

မင်းချင်းတဦး။ ။လူကောင်းသူကောင်း ပညာရှိတွေ တစစ တိုင်းပြည်က ထွက်ကုန်ကြရင် တိုင်းပြည်ထဲ ငါတို့လို တုံးအေတွေချည်း ကျန်ခဲ့တော့မယ်ထင်တယ်ကွ။ တတိုင်းပြည်လုံး လူညံ့တွေချည်းဖြစ်ကုန်ရင် ခက်မယ်။

တခြားတဦး။ ။အေးလေကွာ။ တို့ပြည်ထဲက ပညာတတ်တွေလည်း ကုန်တော့မယ်။ ဆရာမောင်စွမ်းရည်၊ ဦးတင်မိုးတို့၊ ဦးဝင်းခက်တို့၊ ဦးဝင်းဖေတို့၊ ကြေးမုံဦးသောင်းတို့၊ မောင်သာရတို့၊ ဒေါ်မာမာအေးတို့..။ လူငယ်ထဲကလည်း တင်မောင်သန်းတို့၊ မောင်သစ်ဆင်းတို့.. ပြောရရင် ကုန်မှာမဟုတ်ပါဘူးကွာ..။

ကျန်တဦး။ ။သြော်.. သူတို့လည်း တိုင်းတပါးဘယ်သွားနေချင်ပါ့မလဲ။ ကိုယ့်တိုင်းပြည်ထဲနေရင် အဖမ်းခံရ၊ အနှိပ်စက်ခံရပြီး သေမယ့်အတူတူ ဆိုပြီး မျက်ရည်စက်လက် ထွက်ကုန်ကြရတာကိုး။ ၊ ဒဂုန်တာရာတို့၊ နန်းညွှန့်ဆွေတို့၊ လူထုဒေါ်အမာတို့၊ ပါရဂူတို့၊ လူထုစိန်ဝင်း တို့လောက်သာ အိုမင်းမစွမ်းဆိုပြီး ချန်ထားလို့ ကျန်နေတာ။ ဦးဝင်းတင်ဆို ဘယ်တော့မှ လွတ်မယ်မသိဘူး။ ရသမျှ အကုန်ဖမ်းတော့ တို့ပြည်တွင်း ဘာကျန်တော့လို့လဲ။ နောက်ထပ်ထပ်ဖမ်းမှာမို့ ထပ်ထွက် မယ့်သူတွေ ရှိဦးမှာပဲ။ ရဟန်းတော်တွေတောင် လူဝတ်လဲ ထောင်ချနေသေးတာ..။

မင်းချင်းတဦး။ ။မင်းတို့က တယ်ခက်တာပဲ။ ဒါတမင်သက်သက် ပညာတတ် လူတွေတွေ မျိုးချစ်စိတ်ရှိတဲ့သူတွေ မရှိတော့အောင်လုပ်တာဟ။ ဒါမှ လှုံ့ဆော်မယ့်သူမရှိတော့ မတော်လှန်တော့ဘူး။ တော်လှန်မယ့်သူမရှိတော့မှ ဆက်အုပ်ချုပ်နိုင်မှာပေါ့ကွ..။ အဲ.. တိုင်းတပါးက လာပြီး စီးပွားရေးတွေ ယဉ်ကျေးမှုတွေ ကျူးကျော်တော့လည်း ခံပေါ့။ ပြည်သူလူထုပဲ ခံကြရတာပေါ့ကွာ..။

မင်းချင်းကျန်တဦး။ ။ကဲကဲ..ဒီမှာတင်ရပ်မှ တော်တော့မကွဲ့။ ပြောချင်လွန်းလို့သာနယ်စပ်ရောက်တုန်း ပြောလိုက်ရတာ... ပြည်တွင်းရောက်ရင် ဒါတွေ မပြောနဲ့နော်ကိုယ့်လူတို့။ အင်းစိန်ထောင် ထပ်ချဲ့ဖို့ လုပ်နေတယ်ဆိုပဲ။

အခြားတဦး။ ။ကဲ.. ကဲ.. ဒါဆိုလည်း စကားကောင်းမနေနဲ့တော့..။ ဒီပညာရှိကြီး ဒီမှာပဲထားခဲ့ပြီး တို့ပြန်ကြစို့ရဲ့..။ သွားပြီဗျို့.. သွားကြစို့..ရဲ့..။

(သံပြိုင်အော် နဆိုင်းစည်းချက်နှင့်အညီ နောက်ကြောင်းပြန်လှည့်သွားစေ။ ဆိုင်းသံအချတွင် ဝဿကာရပုဏ္ဏားတဖြည်းဖြည်းထလာပြီး ပြောစေ)

ဝဿကာရ ပုဏ္ဏား။ ။(တကိုယ်တည်းပြော).. အင်း.. အို.. ပင်ပန်းဆင်းရဲလှချည်တကား..။ (ပုဏ္ဏားဆိုတာ သူများချည်း နှိပ်စက်ခဲ့တာ.. ဒီဇတ်ဆရာနဲ့ တွေ့မှပဲ ခံရသဗျာ..) ။ အင်း.. မင်းရေးကိစ္စမှာ.. တိုင်းရေးရာကား.. ကျယ်စွနက်ပြော.. ဗျူဟာနှောချိမ့်.. ကြက်ဥနှစ်ရောင် တိမ်တောင်သဖွယ်.. မင်းရေးကြွယ်၏ လို့ ရှေးက ဆိုခဲ့ကြသလို ခုတော့ ငါ့မှာဖြင့် တိုင်းတပါးကို ကိုင်း.. သွားကာမှ တော်ရုံကျမှာမို့ ခုမကြာ စကာ ရှိသမျှ အားကုန်တင်လို့ တိုင်းဝေသာလီကို ကမ်းတဖက် လှမ်းချီရောက်ရအောင်.. (ကိုင်း........ရှာစားတို့ရေ.. ) မြှောက်စားလို့ဝင့်....။။။

(ကားလိပ်ချ။)

**အခန်း(၆)**

**ပုဏ္ဏားအား ဝေသာလီပြည်မှ ကြိုဆိုခန်းနှင့် အဇာတသတ် မကောင်းကြောင်းပြောခန်း**

နေရာ။ ။ဝေသာလီပြည် နန်းရင်ပြင်၊

အပြင်အဆင်။ ။ဘုရင့်နန်းတွင်းညီလာခံအဆင်အပြင် ဖြစ်ရမည်။ မှူးကြီးမတ်ရာ သေနာပတိများ၊ နန်းမိဖုရားနှင့် နန်းတွင်းသားများ..

ယပ် တော် ရေတော်၊ ကွမ်းတော်ဆက်များ စုံညီစွာ ရှိရမည်။ ရာဇဂြိုဟ်မှ ဝသကာရပုဏ္ဏားစေလွှတ်လိုက်သော လုလင်နှစ်ဦးလည်း မင်းရင်ပြင်တွင် နေရာယူပြီးဖြစ်ရမည်။ နောက်ခံတေးသွားကို 'ရွှေဘုန်းတော်ဘွဲ့' တီးခတ်နေရမည်။

ကားလိပ်ဖွင့်...

ဝေသာလီ ဘုရင်။ ။မင်းကြီးများ..

မှူးမတ်များ။ ။ဘုရား..။

ဝေသာလီဘုရင်။ ။ကျုပ်တို့ တိုင်းနိုင်ငံတွင်းဝယ် သာယာချောမွေ့ပြီး တိုင်းသူပြည်သားများရော ချမ်းသာစွာ ရှိကြရဲ့လားကွဲ့..

မှူးမတ်များ။ ။ဘုန်းတော်ကြောင့် တတိုင်းတပြည်လုံးငြိမ်းချမ်းသာယာစွာ ချမ်းသာစွာ ရှိကြောင်းပါဘုရား။

ဝေသာလီဘုရင်။ ။အေး.. ကောင်းပေစွ၊ ကောင်းပေစွ၊ တို့ တိုင်း ဝေသာလီဟာဖြင့် တိုင်းသူပြည်သားများကို မင်းကျင့်တရားနဲ့ အညီ အုပ်

ချုပ်တဲ့အတွက်တိုင်းပြည်လည်း အေးချမ်းသာယာပြီး 'နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့' လည်း ဖွဲ့စရာမလို၊ ကြံ့ခိုင်ရေးတွေ ဖွံ့ဖြိုးရေးတွေလည်းမလိုပဲ သာယာမှုရှိသကိုးကွဲ့နော်။

မှူးမတ်တဦး။ ။မှန်ပါဘုရား။ တပ်မတော်ကလည်း သေဝပ်ခန့်ညားပြီး အဖက်ဖက်က ပြည့်စုံလွန်းလို့ 'ဂေါတမ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် တာဝတိံသာကနတ်မင်းတို့အလား ရှိကြကုန်၏လို့ ချီးမွမ်းတော်မူခဲ့ပါတယ်ဘုရား။

ဝေသာလီဘုရင်။ ။မှန်ပေတယ် အမတ်ကြီး။ ဟဲ့ .. ရှေ့တော်မှောက် ခစားနေတဲ့ ရာဇဂြိုလ်သား ၂ဦးရဲ့ ကိစ္စသံတော်ဦးတင်ကြစမ်း မောင်မင်းတို့။

မှူးမတ်တဦး။ ။မှန်လှပါ။ ရာဇဂြိုဟ်က တရားစီရင်ရေးကို ကိုင်တွယ်ဖြေရှင်းနေတဲ့ ဝသကာရ ပုဏ္ဏားကြီးမှ လက်ဆောင်ပဏ္ဏာများနဲ့ စာချွန်တော် ဆက်သလိုက်ကြောင်းပါဘုရား။

ဝေသာလီဘုရင်။ ။အိမ်း သံတော်ဦးတင်စမ်းမောင်မင်းရဲ့..။

အမတ်တဦး။ ။မှန်ပါဘုရာ..။ 'ကျက်သရေ မင်္ဂလာအပေါင်းနှင့် ခညောင်းတော်မူလှပါကုန်သော ဝေသာလီပြည့်ရှင် လိစ္ဆဝီ မင်းအပေါင်းတို့ဘုရား။ ကျွန်တော်မျိုးဟာ ရာဇဂြိုဟ်ပြည်တွင် ပညာဉာဏ်ပြည့်စုံလှသဖြင့် တရားစီရင်ရေးကို ကိုင်တွယ်ဖြေရှင်းခွင့်ကို ပေးသနားတော်မူခံရသော ဝသကာရ ပုဏ္ဏားအမတ်ဖြစ်ပါသည်။ ကျွန်တော်မျိုး၏ တိုင်းပြည်တွင်း အေးချမ်းသာယာမှု ရှိပုံ၊ သာယာဝပြော၍ ညီညွတ်မှုရှိပုံကိုင်၊ အခွန်အတုပ်ကိစ္စနှင့်ပတ်သက်၍ဝေသာလီအား စစ်ပြုရန်ကြံသည်တွင် ကျွန်တော်မျိုးက ''ဝဇ္ဇီမင်းတွေဟာ အပရိဟာနိယဓမ္မဆိုတဲ့ အချက်(၇)ချက်နဲ့ ပြည့်စုံ နှိမ့်ချဖျက်ဆီးဖို့ရာ တပါးသူတွေ မစွမ်းနိုင်တဲ့အကြောင်း တင်ပြလျှောက်ထားမိပါတယ်ဘုရား။ ဒါကိုများ မင်းလိုလိုက် မင်းကြိုက်မဆောင်ရမလားဆိုပြီး မင်းပြစ်မင်းဒဏ် သင့်ခဲ့ပါတယ်ဘုရား။ ယခုအခါ ကျွန်တော်မျိုးတို့ တိုင်းပြည်တွင်းမှာ အပရိဟာနိယဓမ္မဆိုတဲ့ အချက်(၇)ချက်နဲ့ မညီညွတ်ပဲ ညီလာခံဆိုပြီး အတုတွေလုပ်၊ တွေ့ဆုံဆွေးနွေးပွဲလုပ်ပါ့မယ်ဆိုပြီး ပြည်သူနဲ့ နိုင်ငံတကာကိုညာပြီး တကယ် မဆွေးနွေးတာလည်းကြာလှပါပြီဘုရား။ ဒုတိယအချက်ဖြစ်တဲ့ ပြုဖွယ်ကိစ္စတွေကိုလည်း မညီမညွတ်ဆောင်ရွက်နေကြပါတယ်ဘုရား။ တဦးနဲ့ တဦး သူနေရာရရေး ငါနေရာရရေးတွေနဲ့ တီဗွီမင်းသားအပြိုင်လုပ်၊ အချင်းချင်းလည်း ခွက်စောင်းခုတ်နေကြပါပြီဘုရား။ ဥက္ကဋ္ဌကလည်း တမျိုး၊ ဒုဥက္ကဋ္ဌကလည်း တဘာသာ၊ အတွင်းရေးမှူးကလည်းတနည်း သူတလူ ငါတမင်းနဲ့ အားပြိုင်နေကြပြီး တနေ့ တိုင်းပြည် ဒုက္ခတွေ့တော့မယ်ဘုရား။ တတိယအချက်ဖြစ်တဲ့ ရှေးက ဥပဒေတွေကို ပြင်လိုပြင်၊ စိတ်ကူးတည့်ရာ ဥပဒေတွေကို ဖြည့်လိုဖြည့်၊ ပြင်ချင်တဲ့အခါ ပြင်နဲ့ ဥပဒေတွေကို ပြင်ချင်တိုင်းပြင်နေကြတာမို့ ပြည်သူလည်း ဒုက္ခရောက်၊ တိုင်းတပါးက ဘယ်စီးပွားရေးမှလည်း လာမရင်းနှီး မြှုပ်နှံမရဲလို့ စီးပွားရေးကလည်း ချွတ်ခြုံကျနေပြီဘုရား။စတုတ္ထအချက်.. အသက်သိက္ခာကြီးရင့်တဲ့ မင်းပညာရှိတွေကို ချီးမြှင့်မြှောက်စားဖို့နေနေသာသာ ဖမ်းလိုဖမ်း၊ နှိမ်လိုနှိမ်နဲ့ မလုပ်နိုင်အောင်၊ ဘာမှမပြောနိုင်အောင်၊ ဘာမှ မရေးနိုင်အောင် ဖိနှိပ်ထားပါတယ်ဘုရား။ ပဥ္စမ.. သားပျိုသမီးပျိုတွေကိုလည်း တိတ်တိတ်ပုန်း တော်ကောက်ထားတာများ.. မင်းသမီး မော်ဒယ်ဂဲလ် ကနေ ကာရာအိုကေမယ်တောင် မချန်ဘူးဘုရား။ အထက်ကနေ အောက်လက်ငယ်သားအထိ စော်ကားနေလိုက်တာများ စစ်သားများ အရပ်သူတွေကို ဟိုဒင်းဟိုဟာ ပြုကျင့်တာ လွန်လွန်းလို့ ရှမ်းပြည်နယ်က မိန်းကလေးတွေဆို ထွက်ပြေးတိမ်းရှောင်ရ၊ တိုင်ကြတောကြ ရင်ဖွင့်ကြတော့ နိုင်ငံတကာထိ ရောက်ကုန်လို့ မရိမ်းတပ်မတော်ကြီးလို့တောင် လူထုက ခေါ်နေကြတာများ ရင်နာစရာ

ပါဘုရား။ ဆဋ္ဌမမြောက် အချက်ဖြစ်တဲ့ မြို့စောင့်နတ် နယ်စောင့်နတ်တွေကို စောင့်ရှောက်အောင် အလုပ်အကျွေး ပြုဖို့ နေနေသာသာ မြို့တွင်းက နေရာတွေ ဈေးကြီးကြီးနဲ့ ဆွေမျိုးပေါက်ဖော်တွေကိုရောင်း၊ မြို့သားများကို မြို့ပြင်ထုတ် မြို့သစ်ဆိုပြီး ချဲ့ပေမယ့် ဘာမှမရှိပဲ ဒုက္ခရောက်ကြလွန်းတာမို့ နတ်မပြောနဲ့ဘုရား၊ အိုးအိမ်ရှင် လူတွေတောင် မျက်ရည်နဲ့ မျက်ခွက် နေ့စဉ်မပျက်ပါဘုရား။ သတ္တမနဲ့ နောက်ဆုံးအချက်ဖြစ်တဲ့ မြို့ရွာသို့ မလာရောက်ကုန်သေးတဲ့ သီလဝန်၊ ဂုဏဝန်၊ ပုဂ္ဂိုလ်မွန်၊ ပုဂ္ဂိုလ်မြတ်များနဲ့ ပညာရှိ၊ ရဟန်း သူတော်ကောင်းတွေ လာရောက်အောင်လုပ်ဖို့နေနေသာသာ၊ လာရောက်ကုန်ပြီးတဲ့ သူတော်ကောင်းသူတော်မြတ်ပညာရှိတို့ လည်း ထွက်ခွာမသွားဖို့ သင့်တင့်တဲ့ အစောင့်ရှောက် အဆောင်အမတွေ ပေးဖို့ နေနေသာသာ ပညာတတ်များရှိရင် တိုင်းပြည်ပညာတတ်ပြီး သူတို့ မဟုတ်မတရားလုပ်တာတွေ သိမြင်ပုန်ကန်ကြမှာ စိုးတာကြောင့် မထွက် ထွက်အောင် နှိပ်စက်ကလူ ပြုချင်တိုင်းပြုသည်မို့ တိုင်းနိုင်ငံချစ်လျက်နဲ့ ထွက်ခဲ့ရသူများထဲက တဦးဖြစ်သူ ကျွန်တော်မျိုးက ရိုးကျိုးစွာ ရှိခိုးဦးတင်လိုက်ရပါသည်။ ခိုလှုံခွင့်ပေးသနားတော်မူပါ.. ဘုရား....'' လို့ ရေးထားပါတယ်ဘုရား။

ဝေသာလီမင်း။ ။အင်း ကြားသာကြားရ နားဝမှာ ချမ်းသာစရာမရှိ၊ ကောင်းသတင်းလည်းမရှိ တယ်ဆိုးဝါးလှပါလား..။

ထိုစဉ် အတွင်းမှ စကားပြောသံ ထွက်ပေါ်လာစေ။

''မြတ်သောမင်းကြီးဘုရား..။ မြို့တော်ဝန် ဦးနာလေးမှ သံတော်ဦးတင်အပ်ပါတယ်။ နယ်စပ်ဒေသအတွင်း ရာဇဂြိုလ်ပြည်က ဝဿကာရ ပုဏ္ဏား ကျူးကျော်လာလို့ ဖမ်းဆီးထားလိုက်ကြောင်းပါဘုရား''

ဝေသာလီမင်း။ ။အိမ်း.. မြန်လှချည်လား..။ ဒီမှာ သူ့စာဖတ်တုန်းရှိတယ်တယ်။ ကျည်ဆံရထားစီးလာတယ်ထင်တယ်။ ကဲကဲ.. ရှေ့တော်မောက်သွင်းစေဗျား...။

ဝဿကာရ ပုဏ္ဏားဝင်လာစေ။ မင်းချင်းနှစ်ဦးမှ ကြိုးဖြေပေးစေ။

အမတ်တဦး။ ။ပုဏ္ဏားကြီးဆံပင်ပုံစံက တယ်မိုက်ပါလား။ဘယ်ဆိုင်မှာ ညှပ်တာလဲ..။

ဝဿကာရပုဏ္ဏား။ ။စကားဝါက..။။ ။ဟာ .. အမတ်ကြီးကလည်း ခေါင်းတုံးတုံးပြီး နှိပ်စက်ကြိုးတုပ်လွှတ်လိုက်လို့ဗျ...။

အမတ်တဦး။ ။အခုမှ ခင်ဗျားရေးတဲ့စာ ဖတ်ပြီးတယ်။ ဘယ်နှယ့်ရောက်လာတာလဲ..။ မြန်လှချည်လား။

ပုဏ္ဏား။ ။မြန်ဆို ဇာတ်ဆရာက အယ်ဒီတာမင်းများ စာမျက်နှာများရင် ပြောမှာစိုးလို့ဆိုပြီး တခါတည်းဝင်ခိုင်းလိုက်လို့ဗျို့...။ ကဲ..ကဲ တော်ပါတော့..။ ခင်ဗျားတို့ဘုရင်ကို ဦးခိုက်လိုက်ဦးမယ်။...မှန်ပါ.. မြတ်သော ဝဇ္ဇီမင်းမြတ်တို့ဘုရား..။ တပည့်တော်တို့.. တိုင်းပြည်မှာ...အခုနောက်ဆုံးသတင်းအရ လမ်းစားရိတ်နဲ့ကုန်ဈေးနှုန်းတွေ သုံးဆခုန်တက်ကုန်ပြီး.. ဝန်ထမ်းတွေကိုတော့ တရုတ်ပြည်က ချေးလာတဲ့ ဒေါ်လာ ၂ သန်းအားကိုးနဲ့ လခတိုးပေးတော့မယ်တဲ့ဘုရား။

ဝေသာလီဘုရင်။ ။တော်ပါတော့ကွယ်.. ခင်ဗျားတို့တိုင်းပြည်အကြောင်းကြားရတာ တခုမှ အကောင်းမရှိတော့ဘူး။ ရှေ့နေ ဝါတာနာဘဲကို အကူအညီတောင်းပြီး ရဖြူဂို လျှောက်ပေ့ါ။ သင်က ရာဇဂြိုဟ်မှာ တရားရေး စီရင်တဲ့သူဆို...။

ပုဏ္ဏား။ ။မှန်ပါဘုရား.။

ဝေသာလီဘုရင်။ ။ကောင်းပြီ။ မူလရာထူးအတိုင်း ခန့်အပ်တယ်ဗျား..။ မင်းကြီးများ..

အမတ်များ။ ။ဘုရား..

ဝေသာလီဘုရင်။ ။ယနေ့မှ စ၍ ဥပဒေကဲ့သို့ ဤအမိန့်တည်စေဗျား.. .........။

ပုဏ္ဏား။ ။ကျေးဇူးတော် တင်လှကြောင်းပါဘုရား..။

ပုဏ္ဏား၏ အလုပ်အကျွေးနှစ်ဦး။ ။တပည့်တော်တို့လည်း ရဖြူဂို လျှောက်ပါရစေဘုရား။

အမတ်တဦး။ ။ဟဲ့.. မင်းတို့က ဘာဆိုင်လို့လဲ..။ ဟိုမှာ ဘာလုပ်ခဲ့လို့လဲ

အလုပ်အကျွေး။ ။ဘာမှတော့ မလုပ်ခဲ့ပါဘူး။ ဒါပေမယ့် ဒီအတိုင်းနေရင် အိုဗာစတေးဖြစ်မှာပေ့ါ။ ရဖြူဂိုလျှောက်ပြီး ဗီဇာရရင် ဒီနိုင်ငံက မိန်း မယူချင်။ အမေရိကားကို ကူးချင်ကူး။ စားသောက်ဆိုင် စတိုးဆိုင်လေး ဖွင့်ချင်ဖွင့်..။ ယုတ်စွအဆုံး ဖင်ဂေါ်င်းတော့ ကျယ်လို့ရတာပေ့ါဘုရား။ အိုဗာစတေးတွေအပေါ် အနိုင်ကျင့်လို့တော့ ရတာပေ့ါ..။

အမတ်တဦး။ ။ရည်ရွယ်ချက်ကလည်းကြီးပါ့ဗျာ..။ မင်းတို့ကြောင့်တကယ်လုပ်နေသူတွေသိက္ခာကျ၊ တချို့ဆို မင်းတို့နဲ့ နှိုင်းပြောခံရမှာ စိုးလို့ တကယ့်လူတွေ လျှောက်တောင် မလျှောက်တော့ဘူး။

ဝေသာလီဘုရင်။ ။ကဲကဲ.. တော်ကြပါတော့ကွယ်.. မင်းတို့လုပ်လို့ ဇာတ်ဆရာနဲ့ အယ်ဒီတာတွေ ချောင်းရိုက်ခံနေရဦးမယ်။ မင်းတို့တွေက
တယ် နောက်ကျသကိုးကွဲ့နော်..။ကဲ.. ကဲ ညီလာခံသိမ်းမယ်..။ မင်းကြီးများ(ဘုရား..) အေးချမ်းစွာ ပြည်ရွာရိပ်မှာ ဘေး
ကင်းကွာ ညီလာခံ တိတ်ရအောင်.. (မင်းကြီးများ) ကားလိပ်ချစေ.........။

(ကားလိပ်ချ) ဆိုင်းဝိုင်းမှ အခန်းပြောင်းတီးလုံးတီးခတ်စေ။

## အခန်း(၇)

## ပုဏ္ဏား တရားစီရင်ခွင့်ရခန်းနှင့် ဂုံးချောခန်း

အပြင်အဆင်.. သလွန် တခုပေါ်ဝယ် ဝဿကာရပုဏ္ဏား ထိုင်နေစေ။ နောက်ခံပန်းချီကားသည် ရေးခေတ် ဌေ့ခန်းပုံသဏ္ဍာန် ဖြစ်ရမည်။ ကားလပိပ်မဖွင့်မည် နောက်ခံအသံများအရင်ထွက်ပေါ်လာရမည်။

ဗျို့.. ဗျို့.. ဝဿကာရ ပုဏ္ဏားကြီး..(ဘယ်သူလဲဟေ့) အရှေ့တောင်တိုင်း စစ်ဌာနချုပ်က ဝေသာလီမင်းရဲ့ အမတ်ချုပ်ပါ (အိုး...ကြွပါ.. ကြွပါ..)

(ကားလိပ်ဖွင့်စေ)ပုဏ္ဏား သလွန်မှ ထ နခရီးဦးကြိုပြုမည့်ဟန်ပြုစဉ် အမတ်ချုပ် ဝင်လာစေ..

ဝဿကာရ ပုဏ္ဏား။ ။အမတ်ချုပ်ကြီး ဘယ်က လှည့်လာလဲ

အမတ်ချုပ်။ ။ကျုပ်တို့ဘုရင်က ပုဏ္ဏားကြီးဆီ တမင်လွှတ်လိုက်လို့ဗျို့။ ဟောဒီလက်ဆောင်တော်တွေ ပို့ခိုင်းလိုက်တယ်။
ပုဏ္ဏားကြီးပြောတဲ့ ဂွင် က တော်တော်ကိုက်လို့တဲ့။ ကျေးဇူးဆပ်ခိုင်းလိုက်တာတဲ့။(အသံကို ခပ်အုပ်အုပ်ပြု ၍)
ကျုပ်တို့ဘုရင်လေးကတော့ သူ့ဖက်ကတော့ အစစ အဆင်သင့်ပဲတဲ့။ သူ့စီးပွားထိလို့ကတော့ ဟိုဘုရင်ကို
ထချဖို့ ပြင်ထားတယ်တဲ့။ ပုဏ္ဏားကြီးသဘောက ဘယ်လိုလဲတဲ့။

ဝဿကာရ ပုဏ္ဏား။ ။အိုး.. ကျုပ်က အပြည့်အဝ ထောက်ခံတယ်လို့။ သူ့ခမျာ နယ်ကို ပို့ထားပြီး တခြားတိုင်းမှူးဘုရင်တွေက မ
တရားစားပြီး သူ့ကိုတော့ ချောင်ထိုးထားတာ မတရားဘူးဗျ..။ ကျုပ်က သူ့ကိုယ်စား မခံနိုင်လို့ပါ..

အမတ်ချုပ်။ ။မှန်ပါ့ဗျာ.. မှန်ပါ့ဗျာ..။ ကဲ.. ကဲ.. ကျုပ်လည်း ကိစ္စလေးရှိသေးလို့ ကြွဦးမဗျို့..။

ဝဿကာရ ပုဏ္ဏား။ ။ကောင်းပါပြီဗျား။ ခင်ဗျားတို့ ဘုရင်လေးကိုလည်း ပြောလိုက်ပါဦး.. စာချွန်တော် သီးသန့်ပို့မယ်လို့နော်..။

အမတ်ချုပ် မှ (ကောင်းပါပြီဗျာ..) ဟု ပြောရင်း ထွက်သွားစေ..။ ထိုစဉ် အခြား အမတ်တဦး ဝင်လာပြီး ပထမအမတ်နှင့် တိုက်မိဟန်ပြုပြီး တ ဦးနှင့် တဦး မကျေနပ်ဟန် ပြုရင်း ပထမအမတ် ထွက်သွားစေ။ ဒုတိယအမတ် ပုဏ္ဏားအနီးရောက်လာပြီး စကားပြော...

ဒုတိယအမတ်။ ။ဗျို့... ပုဏ္ဏားကြီး

ပုဏ္ဏား။ ။အိုး.. အရှေ့ပိုင်းတိုင်း ဘုရင့်ရဲ့ အမတ်ချုပ်ကြီးပါလား။ အခန့်သင့်လိုက်လေဗျာ..။

ဒုတိယအမတ်။ ။ဘာဖြစ်လို့လဲ ပုဏ္ဏားကြီးရဲ့။ ကျုပ်တို့ တိုင်းမှူး (အဲလေ) ဘုရင်ကလည်း ခင်ဗျားကို သူခိုင်းထားတာလေး အခြေအနေလေး မေးခိုင်းရင်း လက်ဆောင်ပို့ခိုင်းလို့ ရောက်လာတာဗျို့။ ဆုတော်လာဘ်တော်များ ချီးမြှင့်လိုက်
သတဲ့ဗျား။ ရော့ .. ရော့. .. (လက်ဆောင်ထုပ်ပေးစေ)

ပုဏ္ဏားကြီး။ ။သြော်တနိုင်ငံလုံး အုပ်ချုပ်ခွင့်ရမယ့် မင်းလောင်းများ တယ်ရက်ရောတာပဲ။ ဘာမှမပူပါနဲ့။ ခင်ဗျားတို့တိုင်းမှာ
ဒေသခံလေးတွေကို ဟိုဒင်း ဟိုဟာလုပ်တဲ့ အမှုကို ကျုပ်တို့ မသိချင်ယောင် ဆောင်ပေးဖို့ လုပ်နေတယ်ဗျို့..
ဘာမှမပူနဲ့။ စောစောက အရှေ့ တောင်တိုင်းက ဘုရင်လေးကလည်း ခင်ဗျားတို့သော ဘာသော နားမလည်ဘူး။
ချဖို့ ပြင်နေပြီဆို။ ဒါမျိုးတော့ ငြိမ်ခံမနေသင့်ဘူးနော်။

ဒုတိယအမတ်။ ။ကျုပ်တို့ကလည်းအဆင်သင့်ပါဗျာ။ ခင်ဗျားတို့ဘုရင်လေးကို ဒီကသတင်းလေးသံတော်ဦးတင်လိုက်စမ်းပါရစေ..
ဒီလို.. ဒီလိုဗျို့..

(အနားကပ်၍ တီးတိုးစကားပြောဟန်ပြုစေ။ ဒုတိယအမတ် ခေါင်းတညိတ်ညိတ်လုပ်ပြီး သဘော ကျဟန်ဖြင့် ထွက်သွားစေ)

ပုဏ္ဏား.. ဇာတ်စင်ရှေ့သို့ ထွက်လာပြီးတကိုယ်တည်းပြော...။

''သြော်.. ဝဇ္ဇီမင်းတွေ.. ဝဇ္ဇီမင်းတွေ..။ ဟား.. ဟား.. ဟာ....။ တွေးကြည့်ရင် ရယ်ချင်တယ်။ အပရိဟာနိယဓမ္မဆိုတဲ့ အချက်(၇)ချက်နဲ့ ပြည့်စုံလို့ နှိမ့်ချဖျက်ဆီးဖို့ရာ ခက်ခဲလှပါတယ်၊ အင်အားကြီးမားတဲ့ တပ်မတော်ကြီးကို တာဝတိံသာက နတ်များနဲ့တောင် ဘုရားရှင်က ခိုင်း နှိုင်းခံခဲ့ရတဲ့ ဝဇ္ဇီမင်းတွေ.. အခုတော့ အနိစ္စသဘောနဲ့ ပျက်စီးတော့မယ်လေ..။ သိတယ်မဟုတ်လား။ နိုင်ငံတခုကို ဖျက်ဆီးဖို့များတော့

(၃) နှစ်ထဲ။ သုံးနှစ်ထဲ ကြုံရတယ်။ အခု စည်းလုံးညီညွတ်မှုမရှိတော့ဘူး။ အလဲလဲ အကွဲကွဲ အပြိုပြို အပျက်ပျက် နဲ့ ..ဖြစ်ကုန်ပြီလေ..။ ဘယ်ရမလဲ။ နိုင်ငံတိုးတက်ဖို့သာ ခက်တာပါ။ နိုင်ငံဖျက်ဖို့ဆိုတာ ဟိုအစိုးရလက်ထက်တုန်းက ၂၆ နှစ်၊ ဒီအစိုးရလက်ထက်မှာ ၁၈ နှစ်။ နှစ်လေးဆယ် လောက် အစိုးရ အညံ့စားတွေနဲ့ နေလာခဲ့တဲ့သူပဲ။ ဒီလောက်ကတော့ သာသာလေးပဲ..။ ဟား..ဟား...ဟား..။ ဒီလို မညီညွတ်လို့ကတော့ တိုင်းပြည်တခုကို လုပ်ကြံဖို့ဆိုတာ လွယ်သမှ သိပ်လွယ်။ ကြည့်လေ.. အခု ဟိုတိုင်းမျူးကတမျိုး၊ ဒီတိုင်းမျူးက တမျိုး။ သူကလည်း လည်သလို လုပ်စား၊ ကိုယ်ကလည်း လည်သလိုလုပ်စားကြနဲ့။ တိုင်းပြည်ကြီး တရုတ်လက်ထဲ ထိုးရောင်းဖို့တောင် ကြံတဲ့သူကကြံနေသေး..။ ပင်လုံစာချုပ် ဆိုတာ ရာဇဝင်ထဲမှာ ချန်ထားခဲ့ပြီလေ..။ တိုင်းပြည်ပျက်တော့မယ်။ ကုန်ဈေးနှုန်းတွေကကြီး။ မင်းကျင့်တရားနဲ့ မညီညွတ်လို့ တပြည်လုံးက လည်း အုံကြွတော့မယ်။ တွေ့ဆုံဆွေးနွေးရေးဆိုပြီး နေ့ရွှေ့ညရွှေ့လုပ်နေတော့ သည်းမခံနိုင်တဲ့အဆုံး ထချကြတော့မယ်။ ပြည်မကို ဖိ။ တောင်တန်းကို နှိပ်၊ အကြေကို ဖျက်ဆီး။ အညာကို ယုတ်မာ။ လုပ်ချင်းတိုင်းလုပ်၊ ယုတ်ချင်တိုင်းယုတ်နေမှတော့ တတိုင်းတပြည်လုံး ဝေါ်မွတ် ပြီး မခံနိုင်တော့တဲ့အဆုံး ထ ချကြတော့မယ်။ ပြည်သူလူထုကို ဖိနှိမ်စော်ကားပြီး မတရားသဖြင့် အုပ်ချုပ်၊ စည်းလုံးညီညွတ်မှု မရှိတော့တဲ့ ဝေသာလီပြည်ကြီး အစိတ်စိတ် အမွှာမွှာ ကွဲတော့မယ်.... ကဲ..။ အခွင့်အခါကောင်း ဖြစ်ပြီ။ ရာဇဂြိုဟ်က ငါ့ဘုရင် အဇာတသတ်ကို အကြံအောင်ပြီ။ အချိန် ကျပြီ.. လုပ်ကြံတော့လို့ တိတ်တဆိတ် သတင်းပို့လိုက်တော့မယ်။ ကဲ.. ထမင်းကောင်းကောင်းစားထားကြပေမယ့် ဝဇ္ဇီမင်းတို့ရေ..။ ဟား ..ဟား.. ဟား..။ ဟား.. ဟား.. ဟား..။

ဆလိုက်မီး တဖြည်းဖြည်း မှိန်သွားပြီး နောက်ခံဆိုင်းအဖွဲ့မှ နှောင်ဂျိန် တီးလုံးဖြင့် တီးခတ်ပေးစဉ် ကားလိပ်ချ။

## အခန်း(၈)

## အဇာတသတ်ထံ စာချွန်ရောက်ခြင်းနှင့် စစ်ပြင်ဆင်ခြင်း

အပြင်အဆင်။ ။ ရာဇဂြိုဟ်ပြည်။ နန်းရင်ပြင်။ ဘုရင့်ညီလာခံ အပြင်အဆင်။ ပလ္လင်ထက်တွင် အဇာတသတ်မင်း နေရာယူထားပြီး အလုပ် အကျွေးအခြွေအရံများ အသင့်ရှိနေစေ။ ကားလိပ်ဖွင့်။

မင်းအမတ်တဦးမှ လျှောက်တင်စေ...။ ။ အရှင်မင်းကြီးဘုရား..။ ဝေသာလီပြည်က ဝဿကာရ ပုဏ္ဏားကြီးထံမှ လျှို့ဝှက် စာချွန်တော် ဆက်သ လိုက်ကြောင်းပါဘုရား..။

အဇာတသတ်မင်း။ ။အလို .. ဝဿကာရ ပုဏ္ဏားကြီးဆီက ဆိုပါလား။ သည်ပုဏ္ဏားကြီးဟာ ဝေသာလီကို လုပ်ကြံဖို့ အစီအမံနဲ့
ထွက်သွားလိုက်တာ သုံးနှစ်သုံးမိုးတိုင်ခဲ့ပြီမောင်မင်းတို့ရဲ့။ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မမူမီ ၂ နှစ်အလိုက တည်းက ထွက်သွားခဲ့တာကိုး မောင်မင်းများရဲ့။ တန်တော့..။ ဒါဆိုရင်တော့ ပင်လုံစာချုပ် ဒုတိအကြိမ် ချုပ်ဖို့ အသိသက်သေအဖြစ်ခေါ်တာတော့ မဟုတ်တန်ဘူး။ ဝေသာလီ ပျက်ဆီးတော့မှာမို့ လုပ်ကြံဖို့ စာချွန်တော် ပို့တာပဲဖြစ်ရမယ်..။ ကဲ.. စာချွန်တော် ဖတ်ကြစမ်းဗျား...။

အမတ်တဦး စာချွန်တော် ဖတ်စေ။ ။ မြတ်သော မင်းကြီးဘုရား။ ကျွန်တော်မျိုးတို့ တိုင်ပင်ထားတဲ့အတိုင်း ဟိုဒင်းဟိုဟာဖြစ်ပြီဘုရား..။
ဟိုဟာလုပ်ဖို့ အချိန်တန်ပြီမို့ ဟိုဒင်းတွေ ပြင်ပြီး အစီအစဉ်အတိုင်း ဆောင်ရွက်ပါတော့ဘုရား။ ကန္တာစီးလည်း
သေ။ ဝါးအစည်းလည်း ပြေနေပြီဘုရား။ လမဆန်းခင် ကြွမြန်းသိမ်းယူတော်မူပါတော့ဘုရား..။ တဲ့။

အဇာတသတ်မင်း။ ။အလို.. ငါကိုယ်တော်တွေးထင်တဲ့အတိုင်းပါလားကွယ်တို့ရဲ့ နော်..။ (ဘုန်းတော်ကြောင့်)ကိုင်း မင်းကြီးများ..။

အမတ်စစ်သူကြီးများ။ ။ဘုရား..။

အဇာတသတ်မင်း။ ။အမိန့်တော်မှတ်မယ် နာခံစေ..။ ယနေ့မှစ၍ သုံးရက်မြောက်တဲ့နေ့မှာ စစ်ချီမယ်။ ဆင်တပ်၊ မင်းတပ်၊ လှံတပ်
ဘာတပ် .. တပ်မှန်အမျှ အားလုံးအသင့်ပြင်။ ကျည်းတပ် ရေတပ်.. တပ်ရင်းတပ်သား စစ်သည်ဗိုလ်ပါ အားလုံး
မြို့စောင့်တပ်မှ အပ အားလုံးစစ်ပြင်စေ..။ ငါကိုယ်တော်မြတ်ကိုယ်တိုင် စစ်ချီမယ်ဗျာ..........။

အမတ်များ..။ ။အမိန့်တော်မြတ်အတိုင်းပါဘုရား....................။

စစ်ချီသံ၊ ရေကင်သံများ တီးခတ်စေ။ ကားလိပ်ချ။

## အခန်း(၉)

## စစ်ချီအောင်မြင်ခန်း

ဝေသာလီ မြို့တွင်း အပြင်အဆင် ပြင်ဆင်ထားရမည်။ ကားလိပ်မဖွင့်မီ ဇာတ်ဆောင်များ၏ စကားသံများ စစ်ချီ တီးလုံးသံများကြားတွင် ရောထွေး ထွက်ပေါ်လာရမည်။ (အသံချည်းသက်သက်သာ။ စလိုက်မီးများ။ နောက်ခံမီးများ ဖွေးရောယှက်တင် စိတ်လှုပ်ရှားဖွယ်ဖြစ်စေ။ နောက်ခံအသံ အနည်းငယ် ပို့ပေးပါ)

'အရှင်ဝေသာလီ ဝဇ္ဇီမင်းတို့ဘုရား...။ ရာဇဂြိုဟ်မင်းတို့ စစ်ချီရောက်လာကြောင်းပါဘုရား။'

'ကယ်တော်မူပါဘုရား'

'ဟေ ဟုတ်လား.. ဒါ တို့နဲ့ မဆိုင်ဘူးလေ.. နယ်စပ်က လူတွေကို တိုက်ခိုင်းလိုက်..'

'ကယ်တော်မူပါဘုရား.. မြို့စွန်ပိုင်းထိ ချီလာကုန်ပြီဘုရား'

'ဟာ .. ခက်တာပဲ'

'တို့ချည်းပဲ ခံတိုက်နေရမှာလား..၊ သူတို့ဖက်ကျတော့ ဝိုင်းမတိုက်ပေးဘူးလား'

'အို.. သူတို့တောင် နေနိုင်သေးတာ.. တို့လည်းနေတယ်ကွာ..'

'ကယ်တော်မူပါဘုရား..'

'ဝိုင်းဟေ့.. ဝိုင်းဟ'

'ရာဇဂြိုဟ်တပ်များ မြို့တွင်းထိ ကျူးကျော်ကုန်ပြီဘုရား..'

'ဝေသာလီကို အပိုင်သိမ်းဟေ့..'

'ဟာ.. ခက်ကုန်ပါပြီ..'

'အမလေး.. သေပါပြီဗျ..'

'ပြေး ဟေ့.. ပြေးကြ..'

'ဟာ.. မဟန်တော့ဘူးဟေ့.. လက်နက်ချကြ.. လက်နက်ချကြ'

ကားလိပ်ရှေ့သို့ စစ်သည်အချို့ ထွက်ပြေးပြီး ရာဇဂြိုဟ်တပ်မှ လိုက်စေ..။ ကားလိပ်တွင်း ဝင်လာစေ..။

**(ကားလိပ်ဖွင့်) (ဘေးသံ၊ နောက်ခံသံများရပ်)**

ဇာတ်စင်နှစ်ဖက်မှ ဝေသာလီ ဘုရင် အချို့အား ဖမ်းလာပြီး ဇာတ်စင်လယ်တွင် စုံစေ။

'အောင်ပြီကွ..'

'အောင်ပြီ.. ဝေသာလီကို နိုင်ပြီကွ....'

'ဝေသာလီ ကျဆုံးပြီကွ..'

'ရာဇဂြိုဟ်တဲ့ဟေ့...'

ရာဇဂြိုဟ် အဇာတသတ်မင်း ဇာတ်စင်ညာဖက်မှ ထွက်လာစေ။ ဝဿကာရ ပုဏ္ဏား ဇာတ်စင် ဘယ်ဖက်မှ ထွက်လာပြီး အလယ်တွင်စုံစေ။

ဝေသာလီမင်းများ အား ကြိုးတုပ်ပြီး ဝပ်ခိုင်းထားစေ။  တပ်သားများ စစ်အောင်သဖြင့် ပျော်ရွှင်နေကြစေ။

အဇာတသတ်မင်း။  ။အလိုပုဏ္ဏားကြီး

ပုဏ္ဏား။  ။အို.. မြတ်သောမင်းကြီး

အဇာတသတ်။  ။တော်ပါပေတယ် ပုဏ္ဏားကြီး

ပုဏ္ဏား။  ။ဝေသာလီကို လုပ်ကြံနိုင်လို့ ဝမ်းမြောက်လှကြောင်းပါဘုရား။

အဇာတသတ်။  ။အသင် ပုဏ္ဏားကြီးရဲ့အစွမ်းအစပေပဲ။ အသင်ရဲ့ အကြံအစည်သာ မပါဝင်ရင် ဒီ ဝေသာလီမင်းတွေကို လုပ်ကြံဖို့ မလွယ်ဘူး ပုဏ္ဏားကြီး။

ပုဏ္ဏား။  ။ကျွန်တော်မျိုးဟာ သူတို့ရဲ့ စစ်သည်အင်အားပြည့်စုံမှုနဲ့ အပရိဟာနိယဓမ္မဆိုတဲ့ အချက်(၇)ချက်နဲ့ ပြည့်စုံမှုကို သွေးခွဲပြီး စည်းလုံးညီညွတ်မှု ပျက်အောင်ပြု ပြီးမှ အပရိဟာနိယဓမ္မ(၇)ချက်နဲ့ မညီညွတ်အောင်ကြံခဲ့ပါ တယ်ဘုရား။

အဇာတသတ်မင်းကြီး။ ။မှန်ပေတယ် ပုဏ္ဏားကြီး မှန်ပေတယ်။ ကဲ.. ကျုပ်တို့ ဇာတ်တော်ကြီးလည်း ဒီမှာပဲ ဇာတ်ပေါင်းကြပါစို့ရဲ့။

ဘုရင် ဇာတ်စင် ရှေ့နားသို့ထွက်လာပြီး ပရိသတ်ကြီးအား ဦးတည်ပြောစေ။

''ယခုတင်ဆက်ကြပြရာမှာ ပရိသတ်ကြီးကို ကျွန်တော်များ ဇာတ်တော်သူ ဇာတ်တော်သားများမှ လိုအပ်တာ မှားယွင်းတာ ချို့ယွင်းတာများရှိရင် တောင်းပန်လိုက်ပါတယ်။ ဒီဇာတ်တော်ကြီးကို ၂၁ ရာစုထဲ ခပ်လျှိုလျှိုလေး တိုးဝင်နေကြ မျက်နှာငယ်နေကြရတဲ့ ကျွန် တော်တို့ မြန်မာများ.. တိုင်းပြည်တိုးတက် စည်ပင်သာယာပြီး မတရားမှုတွေကို ဖယ်ရှားဖို့ရာမှာ ကျွန်တော်တို့အချင်းချင်း စည်းလုံးညီညွတ်မှု ကို ခိုင်မြဲ တည့်တံ့အောင် ဆောင်ရွက်ဖို့လည်း အရေးတကြီး လိုအပ်ကြောင်း။ ကျွန်တော်တို့အချင်းချင်း

စည်းလုံးညီညွတ်ကြပါစို့လို့ တိုက်တွန်း နှိုးဆော် တင်ပြလိုတာကြောင့် တင်ပြရခြင်းဖြစ်တာမို့ အပြစ်တော်မမြင် အချစ်တော်ဝင်ကြဖို့.. ဇာတ်ဆရာ၊ အယ်ဒီတာနဲ့ ကျွန်တော်တို့ ဇာတ် ဆောင်များ အားလုံးက တောင်းပန်ရင်း နိဂုံးကမ္ဗ အဆုံးသတ်ပြီမို့.. ပြည်ဖုံးကားကြီး ချခွင့်ပြုပါတော့....... ခင်ဗျာ....။ ။

စကားပြောနေစဉ် ဇာတ်ဆောင်များ အားလုံးထွက်လာပြီး ပရိသတ်အား လက်အုပ်ချီကန်တော့။

ကားလိပ်ချ။

ပြီး။

ဇာတ်ဆရာ.......သူရိန်ထက်

၁၇.၁.၂၀၀၂ (နံနက် ၈ နာရီ)

(ပြည်ထောင်စုနေ့ အမှတ်တရ)

၂၀၀၆ မှာ ကာလအခြေအနေတွေ အနည်းငယ် ပြန်ပြောင်းပြီး ပေးပို့ပါတယ်။